# “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်”ကြောင့် သူတို့ပြောင်းလဲမှုရရှိ

## ‘ပင်လယ်ပေါ်ကမီးပြတိုက်လိုပဲ’

“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” အဆိုပြုချက်သည် (၅)နှစ်အတွင်း တရုတ်နိုင်ငံအခွင့်အလမ်းကို ကမ္ဘာ့အခွင့်အလမ်း ဖြစ်လာစေသည်။

(၂၀၁၀)ပြည့်နှစ် ဇူလိုင်လမှာ အသက်(၂၈)နှစ်ရှိသော အီဂျစ်နိုင်ငံ ယောက်ျားလေး အိုက်ဟာမိုက်တယ်.ဆိုက်ရီတယ်သည် နင်ရှားသို့ ရောက်လာခဲ့ပြီး မိမိကိုယ်ကို “ပိုင်ရှင်း”ဟု တရုတ်အမည်ပေးခဲ့သည်။ ဒုတိယနှစ်တွင် သူသည် သူ့သူငယ်ချင်းနှင့်အတူ ကျိဟွေကုံးဟု အမည်ရှိသော ကုမ္ပဏီကိုတည်ထောင်ခဲ့ပြီး တရုတ်-အာရပ်ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးစသည့် လုပ်ငန်းများကို အဓိကလုပ်ဆောင်သည်။ သို့သော် လုပ်ငန်းလည်ပတ်မှုမကောင်းသောကြောင့် တစ်ခါတစ်ရံ အိမ်ငှားခပင် မပေးနိုင်ခဲ့ပေ။

(၂၀၁၃)ခုနှစ် ပိုင်ရှင်းနှင့်သူ့သူငယ်ချင်းသည် တရုတ်နိုင်ငံက “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်”အဆိုပြုချက်ကို လုပ်ဆောင်မည်ဟူသော သတင်းကောင်းကိုကြားသိခဲ့သည်။ “‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’က ပင်လယ်ပေါ်က မီးပြတိုက်လိုပါပဲ” ဟု သတင်းထောက်ထံ အလွန်ကျွမ်းကျင်သော တရုတ်စကားဖြင့် ဖြေဆိုခဲ့သည်။ ပိုင်ရှင်း၏ဆုံးဖြတ်ချက်မှာ မှန်ကန်သည်ကိုလည်း စစ်မှန်တွေ့ရပါသည်။ ထုတ်ဝေရေးလုပ်ငန်းများစွာသည် သူနှင့်ပူးပေါင်းဆောင်ရွက်ရန် ကန်းလှမ်းလာခဲ့သည်။ ယခုကုမ္ပဏီသည် မူလမှာ ဝန်ထမ်း(၃)ယောက်သာရှိခြင်းမှ ယခုအချိန်(၁၀၀)ကျော်ထိ ရောက်ရှိလာခဲ့သည်။

ပိုင်ရှင်းအပေါ် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်”သည် စီးပွားရေးအခွင့်အလမ်းဖြစ်သည်ဟု ပြောဆိုသကဲ့သို့ မြန်မာနိုင်ငံအမျိုးသမီးမအေးထက်(အသံ) ကမူသူမကံကြမ္မာကို ပြောင်းလဲသည့် အခွင့်အရေးဖြစ်ပေသည်။

(၂၀၁၄)ခုနှစ် မအေးထက်သည် တာကွမ်းတက္ကသိုလ်ကို တက်ရောက်ခွင့်ရခဲ့သော်လည်း အိမ်တွင်းအခြေအနေမှာ သူမ၏ကျောင်းလခကို မထောက်ပံ့ပေးနိုင်ခဲ့ပေ။ သူမလက်လျှော့ရန် ဆုံးဖြတ်သည့်အချိန်တွင် သူမနှင့်ကီလိုမီတာပေါင်း (၂၀၀၀)ကျော်ဝေးသော ပေကျင်းတွင် တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှုထောက်ပံ့မှုရံပုံငွေအသင်းသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” လမ်းတစ်လျှောက်နိုင်ငံတကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ကို ဆောင်ရွက်ရန် ပြင်ဆင်နေခဲ့သည်။ (၂၀၁၄)ခုနှစ် ဒီဇင်ဘာလ တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှုထောက်ပံ့မှုရံပုံငွေအသင်းသည် မြန်မာနိုင်ငံကို အမျက်နှာပြုသော “ပေါက်ဖော်ပညာတော်သင်ဆုစီမံကိန်း”ကို စတင်ခဲ့သည်။ မအေးထက်သည် ကံကောင်းစွာဖြင့် ထောက်ပံ့ငွေခံရသူဖြစ်ခဲ့သည်။

## “လုံးဝကို မစဉ်းစားမိခဲ့ပါဘူး”

(၅)နှစ်အတွင်း “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” အဆိုပြုချက်သည် နိုင်ငံများစွာမှ ပြည်သူအများ၏နေထိုင်မှုပုံစံကို ပြောင်းလဲပေးခဲ့သည်။

Smederevo သံမဏိကုမ္ပဏီသည် ဆားဘီးယားနိုင်ငံတွင် တစ်ခုတည်းသော နိုင်ငံပိုင် အကြီးစားသံမဏိလုပ်ငန်းဖြစ်သည်။ စစ်ထက်ဝေချီ.ပေါရန်သည် အဆိုပါကုမ္ပဏီ၏ ဗွိုင်လာအိုးတာဝန်ခံမန်နေဂျာဖြစ်သည်။ တခါသောအချိန်က သူ၏ဘဝမှာ မဲမှောင်ခဲ့သည်ဟု ခံစားမိသည်။ အဘယ့်ကြောင့်ဆိုသော် ကုမ္ပဏီသည် နှစ်ပေါင်းများစွာအတွင်း ဆက်တိုက်အရှုံးထွက်နေပြီး ဒေဝါလီခံတော့မည်ဖြစ်ခဲ့ရသည်။

စိတ်ပူပန်နေသည့်အချိန်တွင်(၂၀၁၆)ခုနှစ်ဧပြီလက တရုတ်နိုင်ငံ HBIS သံမဏိအုပ်စုသည် Smederevoသံမဏိ ကုမ္ပဏီကိုဝယ်ယူခဲ့ပြီးမူရင်းရှိသော ဝန်ထမ်းပေါင်း (၅၀၀၀)ကျော်ကိုလည်း လက်ခံခဲ့သည်။ နှစ်ဝက်အချိန်သာကြာပြီးနောက် ကုမ္ပဏီသည် အမြတ်ထွက်လာနိုင်ခဲ့သည်။ ယခုနှစ်ဇန်နဝါရီလတွင် ရောင်းအားဝင်ငွေသည် တရုတ်ယွမ်သန်းပေါင်းရာချီကို ကျော်လွှားနိုင်ခဲ့သည်။ စစ်ထက်ဝေချီ၏ နေထိုင်မှုဘဝပုံစံလည်း အထူး ပြောင်းလဲခဲ့သည်။ ယခုအချိန်တွင် သူသည် မိသားစုဆေးဝါးကုသရေးနှင့် ခရီးသွားလာရေးကိုစဉ်းစားစီမံနေပြီဖြစ်သည်။ “အရင်ကဆိုရင် စဉ်းကိုမစဉ်းစားရပါဘူး။”ဟု သူက မိမိခံစားချက်ကို သတင်းထောက်အားပြောကြားခဲ့ပါသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်”၏ ဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းကိုလိုက်ပြီး တရုတ်နိုင်ငံတော်လျှပ်စစ်ရင်းနှီးမှုအုပ်စု ရှန်ဟဲလျှပ်စစ်ကုမ္ပဏီသည် မာအယ်ထာတွင်(၄)နှစ်ကြာရင်းနှီးမြှုပ်နှံခဲ့သည်။ ၎င်းကုမ္ပဏီသည် စွမ်းအင်ဖွဲ့စည်းပုံကိုကောင်းမွန်လုပ်ဆောင်ခဲ့ရာ ဒေသခံပြည်သူများ၏ လျှပ်စစ်မီတာခမှာ(၂၅%) လျှော့နည်းခဲ့သည်။ ပုံနှိပ်ဆိုင်ပိုင်ရှင်ဖြစ်သော အမ်ထောနီ.ကျာမီထက်သည် အဆိုပါလျှပ်စစ်မီတာခ လျှော့နည်းကြောင့် အကျိုးရရှိနေသည်။

“လျှပ်စစ်မီတာခကပုံနှိပ်ဆိုင် စုစုပေါင်းအရင်းရဲ့ ၅% ရှိတယ်။ ဒါကြောင့် မီတာခ(၂၅%)လျှော့သွားတာဟာ ကျွန်တော်တို့အတွက် အရမ်းအကျိုးဆောင်ပေးနေတယ်။”ဟု အမ်ထောနီသည် သတင်းထောက်ထံ မိတ်ဆက်ပြောကြားခဲ့သည်။

မာအယ်ထာ၏ နွေရာသီအချိန်သည် အလွန်ကြာရှည်သည်။ အရင်ကကလေးများအယ်ယားကွန် အသုံးပြုလိုလျှင် အမ်ထောနီ၏မိန်းမသည် အမြဲဆူပူပြောဆိုခဲ့သည်။ ယခုမှာအိမ်သုံးလျှပ်စစ်ဖိအားမှာ များစွာလျှော့နည်းလာပြီဖြစ်သည်။


## “တရုတ်နိုင်ငံလုပ်ငန်း၏အတွေးအခေါ်သည် အတူပူးပေါင်းဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်သည်”

“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” အဆိုပြုချက်လုပ်ဆောင်သည့် (၅)နှစ်အချိန်သည် ကမ္ဘာမှတရုတ်နိုင်ငံအပေါ် ပိုမိုသိရှိနားလည်လာသည့်(၅)နှစ်ဖြစ်သည်။

အသက်အနှစ်(၂၀)ရှိသော ရှင်းရွှေသည် အယ်လ်ဂျီးရီးယားသားတစ်ယောက်ဖြစ်ပြီး သူ့ပြင်သစ်နာမည်သည် “Chinois” ဖြစ်ကာ “တရုတ်လူမျိုး”ဟု အဓိပ္ပာယ်ဖြစ်သည်။ သူ့နာမည်ကို သူ့အဖိုးမှပေးထားခြင်းဖြစ်ပြီး သူကတကယ်ဆိုလျှင် တရုတ်ကုမ္ပဏီဖြစ်သော တရုတ်တည်ဆောက်ရေးမွမ်းမံခြင်းကုမ္ပဏီသို့ အလုပ်မလုပ်ခင်မီ တရုတ်နိုင်ငံကို မသိခဲ့ပေ။ အဆိုပါကုမ္ပဏီသို့ဝင်ရောက်အလုပ်လုပ်ပြီးနောက် သူသည် “တရုတ်ဖေဖေ”တစ်ဦးရှိခဲ့သည်။

ရှင်းရွှေသည်လုပ်ငန်းကွင်းတွင်အလုပ်လုပ်သောကြောင့် ဂိုဒေါင်ထိန်းဦးလေးနှင့် ထိတွေ့မှုများသည်။ ဦးလေးက ဖော်ရွေသောကြောင့် သူထံမှတရုတ်စာနှင့်ဗဟုသုတများကို သင်ယူလေ့လာခဲ့ရာ တစ်ရက်တွင် “ကျွန်တော့်အမည်က ‘တရုတ်’ ပဲ၊ နောင်မှာ သင့်ကို ‘ဖေဖေ’လို့ ခေါ်လို့ရလား။”ဟု ဆိုခဲ့ရာ ဂိုဒေါင်ထိန်းဦးလေးသည် ဝမ်းသာစွာ လက်ခံခဲ့သည်။





ထိုအချိန်ပြီးနောက် ရှင်းရွှေသည် ရိုးရိုးအလုပ်သမားမှ အလုပ်ခေါင်းဆောင်မှူးအဖြစ် ရာထူးတိုးတက်လာခဲ့သည်။ “‘ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်သွယ်’ အဆိုပြုချက်ဆောင်ရွက်ပြီးနောက် အယ်ဂျီလီရားသို့ တရုတ်လူမျိုးများစွာ ရောက်ရှိလာခဲ့တယ်။ ကျွန်တော်က သူတို့ဆီမှာ ခေတ်မီနည်းပညာတွေသင်လို့ရပြီ။”ဟု သူသည် သတင်းထောက်ထံ ပြောပြခဲ့သည်။

အိုက်ဝေလင်း.နာမူစော်သည် ကင်မရွန်းမှဆော်ဘွားအုပ်စုတစ်ခု၏ အိမ်ရှေ့မင်းသမီးဖြစ်သည်။ ဘွဲ့ရပြီးနောက် သူမသည် ဒေသရှိရေနံကုမ္ပဏီတစ်ခုထဲတွင် အလုပ်လုပ်ခဲ့ရာ နောက်ပိုင်းအဆိုပါကုမ္ပဏီကို တရုတ်ရေနံအုပ်စုမှ ဝယ်ယူခဲ့ကာ အိုက်ဝေလင်းက ကုမ္ပဏီထဲတွင် ဆက်လက်လုပ်ကိုင်ရန် ရွေးချယ်ခဲ့သည်။ “တရုတ်ရေနံအုပ်စုထဲမှာ အလုပ်(၇)နှစ်လုပ်ခဲ့ပြီး ထိုကာလမှာ ကျွန်မကို တရုတ်နိုင်ငံ လုပ်ငန်းတန်ဖိုး အတွေးအခေါ်က အတူဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်တယ်လို့ နားလည်းခံစားစေခဲ့မိတယ်။”ဟု သူမက ပြောသည်။ တရုတ်ရေနံအုပ်စုက ကင်မရွန်းသို့ ရောက်ရှိပြီးနောက် ဒေသတွင်အထောက်အကူပြုပြီး ဆေးရုံ၊ စာသင်ကျောင်း၊ မိဘမဲ့ကလေးကျောင်း(၂၀)ကျော်ကို ဆောက်လုပ်ပေးခဲ့ရာ အလုပ်အခွင့်အလမ်းပေါင်းထောင်ချီကို ဖန်တီးပေးနိုင်ခဲ့သည်။

ဆောင်းပါးအရင်းအမြစ်၊ ပြည်သူ့နေ့စဉ်သတင်းစာ“ပြည်ပကော်လံ”။